
## CONTENTS

မာတိကာ


| | | |
|---|---|---|
| – ဆရာကြီးဦးခင်မောင်လတ်၏ မိတ်ဆက်အမှာစကား | | 7 |
| – စာရေးသူ၏အမှာ | | 11 |
| – ဆက်လက်လေ့လာစရာ အင်္ဂလိပ်စာ | | 14 |
| **Introductory Unit.....** | | 15 |
| Unit 1 **to go** | Pattern 1 Verbs | 31 |
| Unit 2 **to go** | Pattern 2 Verbs | 51 |
| Unit 3 **to put** | Pattern 3 Verbs | 73 |
| Unit 4 **to make** | Pattern 2 and 3 Verbs | 95 |
| Unit 5 **to come** | Pattern 1 and 2 Verbs | 117 |
| Unit 6 **to call** | Passivization | 143 |
| Review-Units | 1-6 'Wh' Questions Quiz | 165 |
| Unit 7 **to run** | Passivization | 171 |
| Unit 8 **to turn** | Passivization | 195 |
| Unit 9 **to break** | Object Pronoun Variations | 217 |
| Unit 10 **to get** | Pattern 2 (ii) Verbs | 241 |
| Unit 11 **to look** | Pattern 2 (ii) Verbs | 265 |
| Unit 12 **to take** | Object Pronoun Variations | 287 |
| Review-Units | 7-12 "Wh" Questions Quiz | 312 |
| Unit 13 **Review** | Gerund structures | 319 |


* * *

# INTRODUCTORY UNIT




ဤစာအုပ်တွင် in, out, on, off, into, along, at, with စသည်တို့နှင့် ကြိယာများပေါင်းစပ်ကြရာမှ ဖြစ်လာသော expressions တို့၏အသုံးတို့ကို သင်ပြပေးပါလိမ့်မည်။ ၎င်းအသုံးတို့တွင် အချို့မှာ လွယ်ကူကြပြီး အချို့မှာ နားလည်ရန် ခက်ခဲလှပေသည်။ အထူးသဖြင့် စကားပြော အင်္ဂလိပ်တွင် အသုံးများကြလေသည်။

**လွယ်ကူသော ပုံစံ။**

She's on the escalator.
သူမဟာ ဓာတ်လှေကားပေါ်မှာပါ။

They're going into the underground.
သူတို့က မြေအောက်ဘူတာရုံကို ဆင်းနေကြတာပါ။

**အနည်းငယ် ခက်ခဲလာသော ပုံစံ။**

I give up.
ကျွန်တော် လက်လျှော့ပြီ။

It's getting me down. (depress)
အဲဒါက ကျွန်တော့်ကို စိတ်ပျက်အောင် လုပ်နေတယ်။

He got out of the work.
(avoid doing something that he should do.)
သူဟာ အလုပ်မလုပ်ဘဲ အကြောင်းပြပြီး ရှောင်နေတယ်။

She came into a lot of money. (inherited)
သူမဟာ ငွေအမြောက်အများ အမွေရရှိခဲ့တယ်။
ဒါမျိုးတွေကိုတော့ နားလည်ဖို့ ခက်ပေမယ်။

Expression တိုင်းတွင် မျိုးမတူသော ပုံစံ Pattern များရှိကြသည်။ ၎င်းတို့ကို လွယ်ကူစွာသုံးစွဲနိုင်ကြရန်အတွက် 1,2,3 တို့ဖြင့် မှတ်သား ပြထားပါသည်။

**အောက်ပါဥပမာတို့ကို ထပ်၍ လေ့လာပါ။**

A lot of people were [2]going into the underground station.
လူအများဟာ မြေအောက်ဘူတာကို ဆင်းသွားနေကြပါတယ်။

Mrs Smith was [2]going down the escalator when she suddenly remembered that she hadn't [3]swithched off her iron.
မစ္စစ်စမစ်က သူမရဲ့ လျှပ်စစ်မီးပူကို ခလုတ်မပိတ်ခဲ့ဘူးလို့ ရုတ်တရက် သတိရတဲ့အခါမှာတော့ သူမဟာ ဓာတ်လှေကားနဲ့ ဆင်းသွားနေခဲ့ပြီ ဖြစ်ပါတယ်။

She was very worried, but she had to [1]go on because she couldn't [1]turn back.
သူမဟာ စိတ်ပူသွားတယ်၊ ဒါပေမယ့် သူမဟာ ပြန်ပြီး လှည့်မသွားနိုင်တော့တာကြောင့် ဆက်ပြီးသွားခဲ့ရပါတော့တယ်။

**သင်္ချာအမှတ်အသားများ၏ ဆိုလိုချက်။**

1. သည် Pattern 1 verb ဖြစ်ကြောင်းကို ဖော်ပြ၏။

ဥပမာ –

She couldn't [1]turn back.
သူမဟာ နောက်ကြောင်း ပြန်မလှည့်နိုင်ခဲ့ပါဘူး။
ဤပုံစံ(၁)တွင် ပြောဆိုပုံနည်းလမ်း၊ ၎င်း (၁)မျိုးသာ ရှိလေ၏။

2. သည် Pattern 2 verb ကို ဖော်ပြ၏။

ဥပမာ –

She was [2]going down the escalator.
She was going down it.
သူမဟာ ဓာတ်လှေကားနဲ့ ဆင်းသွားနေခဲ့ပြီ။